ဝက္ကံ – ၂-လုံး သရက် ညှာ တခက်၌ ဖြာလျက် တည်ဟန် လည်တံ သက်လျှော အကြောကြီးမှ ၂-ဖြာခွ၍ ဟဒယပတ်လည် ဇဥ်ငယ်နီသော အညှို ၂-ခုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သော ထင်ရှားရှိပါသည် တကား။

ဟဒယံ – အောက်သို့ မှောက်ခုံ ကြာပဒုံ၏ အငုံသဘွယ် ရင်လည်မှာတည် အဆင်းနီသော နှလုံးသားသည်။

---

အရိုး။ ။လက်ရိုး ၆၄-ချောင်း, ခြေရိုး ၆၄-ချောင်းစသည် ဖြင့် ဦးခေါင်းအခွံရိုး ၉-ခုတိုင်အောင် အရိုးပေါင်း ၃-ရာခန့် ရှိသတတ်။

ခြင်ဆီ။ ။ထို အရိုး ၃-ရာခန့်၏ အတွင်း၌ "ခြင်ဆီ = အဆန်" ခေါ်သော ကောဋ္ဌာသ တမျိုး ရှိ၏၊ ကြက် စသော သတ္တဝါများ၏ အရိုးကို ထုခွဲလိုက်သည့်အခါ အတွင်းမှာရှိသော အရာဝတ္ထုမျိုးပင် ဖြစ်၏။

အညှို။ ။ဤ အညှိုသည် လည်ပင်းမှ သက်ဆင်းသော အကြောမမှ ၂-ဖြာခွ၍ တည်သော အသား ၂-ခု တွဲတည်း၊ ပုံသဏ္ဍာန်အားဖြင့် အညှာတခု၌ တွဲနေသော သရက်သီး ၂-လုံးပြွတ်သဏ္ဍာန်ရှိ၏၊ အဆင်းအားဖြင့် အနည်းငယ်နီ၏၊ နေရာအားဖြင့်(နောက်၌ပြမည့်)နှလုံးသားကို ရံ၍ တည်၏။

နှလုံး။ ။ဤ "နှလုံး" သည် အသားတမျိုးပင်တည်း၊ အဆင်းအားဖြင့် နီ၏၊ ပုံသဏ္ဍာန်အားဖြင့် အပြင်ဘက် အဖတ်တို့ကိုဖယ်၍ အောက်သို့ စောက်ထိုးထားအပ်သော